သလောက် အထင်ရောက်နေရှာသော) မိဘတို့လည်း သတိပြုဘွယ်ကောင်းသော ရှေးရှေးက ရှင်သာမဏေများ၏ ဝတ္တုကြောင်းကိုလည်း ပြထား၏။

(ဂ) ထို့နောက် ရှင်သာမဏေများကို ဩဝါဒပေးရမည့် ဆရာသမားတို့အတွက် လေးနက်သော မှတ်ချက်အဓိပ္ပါယ်များကို နောက်ဆက်တွဲ အနေအားဖြင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့မှ ထုတ်ဖော်ညွှန်ပြထား၏။

(ဃ) ထို့နောက် အမြဲနေနိုင်လောက်သော ရဟန်းလောင်း သာမဏေများနှင့် ဝိနည်းစာပြန်ပွဲများအတွက် လက်မလွှတ်ရအောင် ရှင်ကျင့်ဝတ် ပါဠိအနက် စသည်ကိုလည်း ပြထားပါသည်။

(င) ဤသို့ စုံလင်စွာ ပြထားသဖြင့် ဤရုပ်ပုံ ရှင်ကျင့်ဝတ်ကျမ်းစာသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို မြှင့်တင်ရာဝယ် သာသနာရေးဌာနအတွက် လေးနက်သော အထောက်အပံ့ ဖြစ်ပါစေသတည်း။

အရှင် ဇနကာဘိဝံသ　　　　ကဆုန်လဆန်း ၅-ရက်
　　　　　　　　　　　　　၁၃၁၄-ခုနှစ်။